ဝဲကြီးကျေးရွာ

ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝဲကြီးကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဇွန်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃-၄
	ဝဲကြီးကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၅
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၈
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၈
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၈-၉
၈။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၉
၁၀။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၀-၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂-၁၃
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ	၁၄-၆၄
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၆၅-၆၈
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	၆၉-၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊အချက် အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်လ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝဲကြီးကျေးရွာ
ပုဗ္ဗသီရိမြို့နယ်



ဝဲကြီးကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝဲကြီးသည်ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ ဝဲကြီးကျေးရွာအုပ်စုတွင်တည်ရှိပြီး **Longitude 96.2353၊ Lattitude 19.9952**ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်လယ်ကွင်း၊ အနောက်ဘက်တွင် လယ်ကွင်း၊မြောက်ဘက်တွင် လယ်ကွင်း၊ တောင်ဘက်တွင် **လယ်ကွင်း**များနှင့် ဆက်လျက်တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။ ဇီးကုန်းကျေးရွာသည် မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန် (၄၃˚C)နှင့် အနိမ့်ဆုံးအပူချိန် (၂၃˚C) ဖြစ်ပါသည်။ မိုးဦးကာလအတွင်းလေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၉၀)ဧက၊ ယာမြေ(၁၉၉)ဧကရှိပါသည်။အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၇)သည် ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ ဘာသာရေး၊သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ သာရေးနာရေးအသင်းအဖွဲ့ (ကျား-၃၉း) သည် ကျေးရွာ၏ကျန်းမာရေး၊ ဘာသာရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ (ကျား-၄+မ-၃)သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ဝဲကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဝဲကြီးကျေးရွာတွင် ၂၀၅၈ကအောက်ဆင်းရဲသားတောင်သူ (၆၉) အိမ်ထောင်စု၊ ၂၀၅၈ကမှ၅၈ကကြားတောင်သူငယ်(၁၄)အိမ်ထောင်စုရှိပြီး **ကျေးရွာတွင်** တောင်သူလတ်အိမ်ထောင်စုနှင့် တောင်သူ**ကြီး**အိမ်ထောင်စုများမရှိပါ။ အဓိကအားဖြင့်စပါး **စိုက်ပျိုးလျှက်ရှိပြီး ရာသီအလိုက် အခြားသီးနှံများကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။** မြေယာမဲ့အိမ်ထောင်စု (၉၀)စုရှိပြီး **အ**များစုသည် နေ့စားကျပန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ**မိုးရေ**ကိုအသုံးပြု၍ စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၈၀) တင်းထွက်ရှိပါသည်။ ကြံအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၂၀)တန် ထွက်ရှိပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ(၁၀၀)တင်းရှိပြီး၊ နှမ်းနှင့် မတ်ပဲများလည်း စိုက်ပျိုးကြပါသည်။ တစ်ကျေးရွာအတွင်းရှိလယ်သမားများတွင်တစ်ဦးချင်းပိုင် ထွန်စက်(၄)ခု၊ ရိတ်သိမ်းခွေလှေ့(၁)ခု၊ခွေလှေ့စက်(၂)ခု၊ရေစုပ်စက် နှင့်(၄)ခု ခုရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချခြင်း၊ **တပ်ကုန်းသို့ကုန်စည်ဒိုင်များတွင် ကိုယ်တိုင်သွားရောက် သွင်းခြင်းဖြင့် စျေးကွက်အနေဖြင့် အဆင်ပြေလျှက်ရှိ**ကြပါသည်။

မိုးရေအားအဓိကထား လုပ်ကိုင်ရသည့်အတွက် မိုးခေါင်သည့်နှစ်များတွင် သီးနှံများအထွက်နှုန်းနည်းခြင်းနှင့် မိုးများသည့်နှစ်များတွင် ရေနစ်၍သီးနှံများပျက်စီးမှုများ စသည့်အခက်အခဲများ ရှိပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၀၆)အိမ်ရှိပြီး နွားကောင်းရေ(၂၂၀) ကောင်၊ အိမ်ထောင်စု(၁)အိမ်မှ နို့စားနွား(၁)ကောင်၊ အိမ်ထောင်စု(၂၀၇)အိမ်မှ ဝက်(၂၆၀) ကောင်၊ အိမ်ထောင်စု(၂၆၆)အိမ်မှ ကြက်(၁၃၃၃)၊ အိမ်ထောင်စု(၁)အိမ်မှ သိုး(၅)ကောင်နှင့်အိမ်ထောင်စု(၂)အိမ်မှ ဘဲ(၆)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် **ကာကွယ်ဆေးထိုးခြင်း** ဝန်ဆောင်မှုများရှိသော်လည်း **ကျေးရွာသူ/သားများ၏ အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျမခံလိုခြင်းများကြောင့်** ရာသီကူး ပြောင်းချိန်တွင်ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာ**တွင်** တစ်ပိုင်တစ်နိုင်အရောင်းအဝယ်လုပ်ငန်းများစသည့် လုပ်ငန်းများကိုဦးစားပေးလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ် မြောက်မှုမရှိ ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်ရှိသော်လည်းစျေး ကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်ပုံစံ(၇)ဖြင့်တစ်ဧကလျှင်(၁၅၀၀၀၀)နှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူချေးယူ၍ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာလိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၅) ရာခိုင်နှုန်းထိချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုး**နှုန်း**သက်သာ သောကာလရှည် ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ဆိုင်ကယ်ကယ်ရီဖြင့် လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်စက်ဘီး (၁၁၀)စီး၊ မော်တော်ဆိုင်ကယ် **(၁၉၈)**စီး၊ သုံးဘီးဆိုင်ကယ် (၃)စီး၊ ကား**(၃)**စီး**၊ထော်လာကျီ(၁)စီး၊ နှင့် နွားလှည်း(၄၀)စီး** စသည်ဖြင့် သယ်ယူပို့ဆောင် ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် လမ်းမကြီး**များမှာ ကွန်ကရစ်လမ်းများဖြစ်ပြီး** ၊ လမ်းသွယ်များမှာ မြေသားလမ်းများ ဖြစ်ကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအားချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု(၁၂၅)စုရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု(၂၀၀) စုရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဝဲကြီးကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း **(၃၃၄)** လုံး၊ တီဗွီ (၂၆၆) လုံး၊ **ရေဒီယို(၁၄၅)လုံး** စသည်တို့မှ ရရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျေးရွာနှင့်အလှမ်းမဝေးသည့် ပုဇွန်ဆိတ်ကျေးရွာ အုပ်စု၊ သံပုရာကုန်းကျေးရွာတွင် အထက်တန်းကျောင်းရှိသည့်အတွက် အခြေခံပညာသင်ကြားရာတွင် အဆင်ပြေလွယ်မှုရှိပါသည်။ တက္ကသိုလ်တက်နေသည့်ကျောင်းသား၊ ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ စာသင်ကျောင်းတွင်ကျောင်းဆောင် (၂)ဆောင်ရှိပါသည်။

ကျေးရွာတွင် မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာ**(၀.၆)** ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ **(၀.၁၈)** ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ **(၀.၁၃)** ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ **(၀.၀၆)** ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်မှာ **အသင်အတင့်**ကောင်းပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းကျေးရွာအထိ လိုအပ်သည့်ကာကွယ်ဆေးများအား လာရောက်ထိုးနှံပေးပါသည်။ဝဲကြီးကျေးရွာ ကျန်းမာရေးဌာနခွဲသည် ကျေးရွာ၏

အနီးနားတွင်ရှိပါသည်။ **တပ်ကုန်း**မြို့နှင့်နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ပုဗ္ဗသီရိမြို့နယ်**ကုတင်(၁၀၀)**ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

ကျေးရွာတွင်သောက်သုံးရေများကို ရေတွင်း ဖြင့် အဓိကထား အသုံးပြုကြ**ပါသည်။**ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို သာတစ်ရွာလုံးအသုံးပြုလျှက်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝဲကြီး ကျေးရွာတွင် သက်ကြီးရွယ်အိုတစ်ဦးတည်းနေထိုင်သူ အနည်းငယ်၊ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဝဲကြီးကျေးရွာ၌ မိုးရာသီတွင် **ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု** အနည်းငယ်ရှိပါသည်။ တီဗီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောခွာနာ၊ လျှာနာရောဂါနှင့်ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဝဲကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဝဲကြီး			ကျေးရွာအမည် – ဝဲကြီး	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	-		
၂	စိုက်ပျိုးရေး	နည်းပညာ			
၃	မွေးမြူရေးနှင့်ငါးလုပ်ငန်း – မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး			
၄	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား–အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE			
၅	ငွေကြေး	အသေးစား			
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက် ကူ	စာသင်ကျောင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၂	
၇	ကျန်းမာရေး	ကျေးလက် ကျန်းမာရေး၊	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၅	
၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရေနူတ်မြောင်းများ တည်ဆောက်ခြင်း	၁	
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာအရှေ့ဘက် ဆင်သေချောင်းတံတား ပြုပြင်ခြင်း	၃	

ကျေးရွာအုပ်စုအမည် – ဝဲကြီး			ကျေးရွာအမည် – ဝဲကြီး	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာအတွင်း လမ်းသွယ်များကွန်ကရစ်လမ်းခင်းခြင်း	၄	
၁၁	လျှပ်စစ်	မဟာဓာတ်အားလိုင်း			
၁၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်းနှင့် အမျိုးသမီး			
၁၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၅	သယံဇာတနှင့်သဘာဝဝန်းကျင်		-		

နောက်ဆက်တွဲ (၁)

ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီးကျေးရွာကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကံထူး	ဦးတင်ငွေ	၉/တကန(နိုင်) ၁၅၇၅၃၈	၃၃	ဥက္ကဋ္ဌ	
၂	ဒေါ်ခင်နှင်းမူ	ဦးအောင်ကြိုင်	၉/တကန(နိုင်) ၁၂၀၄၃၅	၄၁	အတွင်းရေးမှူး	၀၉-၉၈၉ ၇၀၄ ၃၁၃
၃	ဦးမြတ်ကို	ဦးရွှေ	၉/တကန(နိုင်) ၁၃၇၄၈၆		အဖွဲ့ဝင်	၀၉-၉၅၀၈၈၂၆၃
၄	ဦးသက်ခိုင်ဝင်း	ဦးအောင်ဟိန်	၉/ရမသ(နိုင်) ၁၀၆၅၉၁		အဖွဲ့ဝင်	၀၉-၄၃၀၃၇၅၅၆
၅	ဒေါ်ခင်စန်းဦး	ဦးညွန့်မောင်	၉/တကန(နိုင်) ၁၅၃၃၀၀	၄၆	အဖွဲ့ဝင်	၀၉-၄၄၆၉၄၈၆၃
၆	ဒေါ်စုစုလှိုင်	ဦးကျော်တင့်	၉/တကန(နိုင်) ၁၀၇၅၄၇	၄၂	အဖွဲ့ဝင်	၀၉- ၄၅၀၂၂၂၇၄၃
၇	ဒေါ်အိအိစိုး	ဦးအောင်မြင့်	၉/တကန(နိုင်) ၁၈၃၉၄၈	၂၇	အဖွဲ့ဝင်	၀၉-၇၅၁၂၅၅၄၆၄

ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီးကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း(ဝယ်ယူရေး)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဒေါ်စုစုလှိုင်	ဦးကျော်တင့်	၉/တကန(နိုင်) ၁၀၇၅၄၇	၄၂	ဥက္ကဋ္ဌ	၀၉- ၄၅၀၂၂၂၇၄၃
၂	ဒေါ်ခင်စန်းဦး	ဦးညွန့်မောင်	၉/တကန(နိုင်) ၁၅၃၃၀၀	၄၆	ဘဏ္ဍာရေးမှူး	၀၉-၂၄၀၈ ၈၈၃ ၅၈၁
၃	ဒေါ်အိအိစိုး	ဦးအောင်မြင့်	၉/တကန(နိုင်) ၁၈၃၉၄၈	၂၇	စာရင်းကိုင်	၀၉-၇၅၁၂၅၅၄၆၄

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၆	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၉	၂၁	၄၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၅	၃၅	၉၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၄၈	၁၀၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၉၅	၄၃၈	၈၃၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၇	၅၇	၁၀၄
စုစုပေါင်း		၅၇၆	၆၀၅	၁၁၈၁
စုစုပေါင်း အိမ်ထောင်စု		၃၂၅		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင်အိမ်ထောင်စု (၃၂၅)စု၊ လူဦးရေ (၁၁၈၁)ဦး ရှိပါသည်။ ဝဲကြီးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၀.၀၁%)၊ မူလတန်းကျောင်းသားအရွယ် (၀.၀၈%)၊ အလယ်တန်းကျောင်းသား အရွယ်(၀.၀၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၀.၇၁%)၊ သက်ကြီးရွယ်ကြီးအရွယ် (၀.၀၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၀.၂၉)% ရှိပြီး အလုပ်လုပ်နိုင် သည့်အရွယ်ကျား(၃၉၅)ဦး၊ မ(၄၃၈)ဦးစုစုပေါင်း(၈၃၃) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၀.၇၁)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၃	၁၈		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၂		မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း /	၁၉၇	၂၄		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၃၂၅	၄၄		☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား /ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူဦးရေများပြားပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူအနည်းငယ် ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေး မြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝ ရင်းမြစ် များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်း ဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီးကျား/မဝင်ငွေ ကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ် တွင်မူတည်ပါသည်။ပြင်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၉၀	ကောင်း☐ သင့်✓ ညံ့ ☐
ယာမြေ/ တောင်ယာမြေ	၁၉၉	ကောင်း ☐သင့်✓ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐သင့်☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐သင့်☐ ညံ့ ☐
စုစုပေါင်း	၃၈၉	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင်လယ် (၁၉၀) ဧကနှင့်ယာမြေ (၁၉၉) ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)		
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ်✓ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓☐ မရှိ ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်၊သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် အနည်းငယ်ရှိသဖြင့် အလွယ်တကူ ဝယ်ယူအသုံးချရန် အခက်အခဲရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ကေအထက်	၅ကေအောက်	၅ကေအောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊ ဝါးအိမ်	ဖက်မိုး၊ဖက်ကာ၊ ဝါးခင်း၊ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	ကား၊သုံးဘီးဆိုင်ကယ်၊ဆိုင်ကယ်၊ထွန်စက်၊လက်တွန်းထွန်စက်	ကား၊ဆိုင်ကယ်၊ လက်တွန်းထွန်စက်	နွားလှည်း၊ ဆိုင်ကယ်	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေးလုပ်ငန်း	ရေခဲစက်၊စပါး၊ကုန်စုံဆိုင်၊စားသောက်ဆိုင်	စပါး၊ကုန်စုံဆိုင်	စပါး၊ဆိုင်ကယ်ကယ်ရီ၊ဘေးတွဲ၊ဈေးဆိုင်	ကြုံရာကျပန်း
အိမ်ထောင်စု	၂၂	၉၉	၁၀၆	၉၈

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင် လေ့လာစစ်တမ်းကောက်ယူသောအခါ ဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် လယ်အငှားစိုက်ပျိုးခြင်း၊ တနိုင်တပိုင် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် အငှားစိုက်ပျိုးရေးလုပ်ငန်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီလိုက်ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၈
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၃၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂၉

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		လုပ်အားခကြိုယူ = ၆
၆လမှ၁၂လအထိ	၃၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၃ လုပ်အားခကြိုယူ =၂

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင် (၃၅)အိမ်ထောင်စုတွင် ၃ လအောက် ဝမ်းစာဖူလုံမှုကောက်ယူရာတွင် (၂၀)အိမ်ထောင်စုသည် ချေးယူပြီး (၈)အိမ်ထောင်စုသည် လုပ်အားခကြိုယူ၍ ဖူလုံကြပါသည်။ (၃)လနှင့်(၆)ကြားဝမ်းစာဖူလုံမှု ကောက်ယူရာတွင် (၂၉)အိမ်ထောင်စုသည် ချေးယူပြီး(၆)အိမ်ထောင်စုသည် လုပ်အားခကြိုယူပြီး (၆)လမှ (၁၂)လအထိဝမ်းစာဖူလုံမှု ကောက်ယူရာတွင် (၃၃)အိမ်ထောင်စုသည် ချေးယူပြီး (၂)အိမ်ထောင်စုသည် လုပ်အားခကြိုးယူ၍ ဖူလုံကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၃	၂	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	၁	၁
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၅		

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့်

ဆင်းရဲသည့်အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ ဖြန့်နှစ်အထက် သက်ကြီးရွယ်အိုများ ရှိသော်လည်း ၎င်းတို့၏ သားသမီးများနှင့် ဆွေမျိုးတော်စပ်ကြ သူများကအရေးပေါ်ကိစ္စရပ် များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပြီး(၅)ဦးခန့်သာ စောင့်ရှောက်မှု အင်အားနည်း ပါကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ရှိသော်လည်း စာဝတ်နေရေးမှာ အခက်အခဲမရှိကြောင်းတွေ့ရှိရပြီး မသန်းမစွမ်း(၂)ဦးမှာ ဝိုင်းဝန်းကူညီ စောက်ရှောက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် □ လတ် ✓ နိမ့်□ မရှိ □
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဩဇုန်ပျိုးရေ)	မြင့် □ လတ် □နိမ့်✓ မရှိ □
၃	ရေကြီးခြင်း	မြင့် □ လတ် □ နိမ့်✓မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □ လတ်□ နိမ့်✓ မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၆	မုန်တိုင်း	မြင့် □ လတ် □နိမ့်□ မရှိ ✓
၇	ငလျင်	မြင့် □ လတ် □နိမ့်✓မရှိ □
၈	မီးဘေး	မြင့် □ လတ် □ နိမ့်✓ မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် □ လတ် □နိမ့်□ မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □ လတ် □နိမ့်□ မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် □ လတ် □နိမ့်✓ မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်✓မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□ မရှိ ✓
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် □ လတ် □နိမ့်✓မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □နိမ့်□မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲစသည်	မြင့် □ လတ် □နိမ့်□မရှိ ✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝဲကြီးကျေးရွာသည် စာနပ်ရိက္ခာဖူလုံးပြီး သဘာဝ ဘေးအန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်းခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်း၊ငလျင်နှင့်

မီးဘေးတို့မှာ ဖြစ်ပွားမှုအလွန်နည်းပါးပြီး ထိခိုက်မှုလဲနည်းပါးပါသည်။ ထို့အပြင် ဆာငန်ရေ၊ မြေဆီလွှာပြုခြင်း၊ သစ်တောပြုန်တီးခြင်းလည်းမရှိပါ။ ကိုယ်ခံအားကျဆင်းသည့် ရောဂါဖြစ်ပွားမှုနှုန်းမှာ အနည်းငယ်သာရှိပြီး မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး တိဘီရောဂါလူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊လျှာနာရောဂါစသည့် တိရိစ္ဆာန် ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေးရောဂါများဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာ တွင်လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့် □မရှိ ✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် □လတ် □ နိမ့်✓မရှိ □
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ✓လတ် □ နိမ့်□ မရှိ □
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ✓
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် □ လတ် □နိမ့်□မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်✓ မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □နိမ့်□မရှိ ✓
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် □ လတ် ✓ နိမ့်□ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့် □ မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် □	လတ် ✓	နိမ့်□	မရှိ □
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□	လတ် □	နိမ့်✓	မရှိ □
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် □	လတ် □	နိမ့်✓	မရှိ □

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများနှင့် ပတ်သက်၍ ရေမြေသဘာဝပတ်ဝန်ကျင် အနေအထားအရ ထိခိုက်ခံရနိုင်မှု အခြေအနေမှာ အလွန်နည်းပါးပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ် ၄င်းတို့သည် အခြားဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှုနည်းပါးပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	သာရေး/နာရေးအသင်း	၁□၂□ ၃✓	၃	-	၃	ပညာရေး✓ငွေကြေး□ ကျန်းမာရေး✓ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၂		၁□၂□၃□	၁၂၀	၁၄၀	၂၆၀	ပညာရေး□ငွေကြေး□	ကောင်း□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	သင့်□ ညံ့□
၃		၁□၂□၃□	၆	-	၆	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၄		၁□၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ရေး□	
၆		၁□၂□ ၃□				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဝဲကြီးကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြပါသည်။ သားရေး/နာရေးအဖွဲ့သည် ကျေးရွာအတွင်းပညာရေး၊ ကျန်းမာရေး ဘာသာရေး၊သာရေး/နာရေးကိစ္စရပ်များနှင့်လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လုပ်ကိုင်နေကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ– ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂ အဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန ၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤယား တွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀၇	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၉၉	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၁၉	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	-	တောင်သူလတ်
၅	၁၂.၅ကေအထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၂၅	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက်ထက်ဝက်ကျော်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် တနိုင်တပိုင် ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□မဖြေဆိုပါ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၈	ချောင်းရေ	၅၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓ မဖြေဆိုပါ□	ရှိ□မရှိ✓မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးရေးတွင်မိုးရေ နှင့်ချောင်းရေကို အသုံးပြုကြပါသည်။ နွေသီးနှံများစိုက်ပျိုးရာတွင် ချောင်းရေသည် ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၀၀	တင်း	၄၀	၁၀၀	၇၀	ဂျူလိုင်	အောက်တိုဘာ	မြင့်✓ လတ် □ နိမ့်□	မြင့်✓လတ်□ နိမ့်□
ကြံ	၁၀၀	တန်	၁၅	၂၈	၂၂	ဩ	နိုဝင်	မြင့်✓	မြင့်□ လတ်✓

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
						ဂုတ်လ	ဘာလ	လတ်□ နိမ့်□	နိမ့်□
ပြောင်း	၃၀	တင်း	၅၀	၁၂၀	၈၅	ဩဂုတ်လ	နိုင်ဝင်ဘာလ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
နှမ်း	၁၀	တင်း	၃	၉	၆	ဩဂုတ်လ	ဒီဇင်ဘာလ	မြင့်□လတ်□နိမ့်✓	မြင့်□ လတ်✓ နိမ့်□
မတ်ပဲ	၁၀	တင်း	၁၀	၂၅	၂၀	ဒီဇင်ဘာလ	မတ်လ	မြင့်□လတ်✓နိမ့်□	မြင့်□ လတ်□ နိမ့်✓
မြေပဲ	၃၉	တင်း	၉	၁၄	၁၂	အောက်တိုဘာလ	ဇန်နဝါရီလ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်□ နိမ့်✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝဲကြီး ကျေးရွာသည် စပါးနှင့်ကြံကိုသာ အဓိကထားစိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ စပါးစိုက်ပျိုးရေးမှာအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိရာသီဥတု အခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၇၀)တင်းခန့် ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာများလိုအပ်ခြင်းနှင့် မိုးရာသီတွင် စိုက်ခင်းများရေလွှမ်းသဖြင့် စပါးများပျက်စီးဆုံးရှုံးမှုများရှိပါသည်။ အခြားရာသီပေါ် သီနှံများဖြစ်သည့် ပြောင်း၊ နှမ်းနှင့် မတ်ပဲ၊ များကိုလည်း စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၄	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချကိရိယာ		–	–	–
ရိတ်သိမ်းခြွေလှေ့စက်	၁	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	၂	–	–	–
ရေစုပ်စက်	၄	–	–	–
ခြေနင်းရေတင်စက်		–	–	–
မြက်ရိတ်စက်		–	––	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝဲကြီးကျေးရွာတွင် ရေစုပ်စက်(၄)၊ ထွန်စက်(၄)၊ ခြွေလှေ့စက်(၂)နှင့် ရိတ်သိမ်းခြွေလှေ့စက်(၁)ခု ကိုယ်ပိုင်ရှိကြပါသည်။ ကျန်လယ်ယာသုံးပစ္စည်းများအား ငှားရမ်းအသုံးပြုရပါသည်။ ထို့ကြောင့် သီးနှံများ စိုက်ပျိုးချိန်တွင် အလုအယက်ငှားရမ်းအသုံးပြုနေရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း✓သင့်တင့်မျှတ□မဖြေဆိုပါ□
စိုက်ပျိုးရေးအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်✓ရသည်□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩ နှင့်အခြား အော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သီးနှံစိုက်ပျိုးရန် မျိုးကောင်းမျိုးသန့် ရရှိရန်လွယ်ကူပြီး လုပ်သားရရှိမှုမှာ အခက်အခဲရှိပါသည်။ စိုက်သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက် အဆင်ပြေခြင်း၊မိုးရေဖြင့် အဓိကစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ် ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့်ချေးယူနိုင်ပါသည်။ သို့သော်လုပ်အားခ၊ စိုက်ပျိုးစရိတ်များ လုံလောက်မှုရှိရန် လိုအပ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဧယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်✓မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ✓လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ□ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ✓မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ✓အနည်းငယ်□မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဝဲကြီးကျေးရွာတွင်ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများရှိနေသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်

အကိုင် အခွင့်အလမ်းနည်းပါးပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုဖျက်ပိုးများ အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ လယ်များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည် ဆိုပါက စိုက်ပျိုးရေးတွင်အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၀၆	၂၂၀
နို့စားနွား	၁	၁
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	၁	၅
ဝက်	၂၀၇	၂၆၀
ကြက်	၂၆၆	၁၃၃၃
ဘဲ	၂	၆
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် လယ်ယာမြေတွင် အသုံးပြုရန် မွေးမြူကြပြီး ကြက်၊ ဘဲ၊ သိုး၊ နို့စားနွား၊ နွားနှင့် ဝက်မွေးမြူရေးတို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ပင်လယ်၊မြစ်၊ချောင်းများနှင့် မနီးသောကြောင့် ငါးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်းလုပ်ကိုင်သူမရှိပါ။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□အသင့်အတင့်✓မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်✓မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်✓မဖြေဆိုပါ□
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်✓မဖြေဆိုပါ□
သွင်းအားစု (**မွေးမြူရေးအစာ၊ ဆေးစသည်**)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်✓မဖြေဆိုပါ□
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။✓မဖြေဆိုပါ□
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ ထုတ်ကုန်များကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်□အသင့်အတင့်ရှိသည်✓မဖြေဆိုပါ□
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထာ	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ✓

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ✓
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်□ချေးငွေရနိုင်သည်□ မဖြေဆိုပါ✓
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ✓
နည်းပညာအကူအညီနှင့်နည်းလမ်းမျ ား	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□ မဖြေဆိုပါ✓
